

# ငှက်ပျောသီးသည်တွမ်

# Tom the banana seller


Humphreys Odunga
Zablon Alex Nguku
Naw Thazin Hpway


2

မြန်မာဘာသာ my / English en



တွမ်ဟာ ငှက်ပျောသီးမှည့်တစ်ဗန်းကို ရွက်လာတယ်။

• • •

Tom carries a tray of ripe bananas.



တွမ်ဟာ ဈေးထဲမှာငှက်ပျောသီး သွားရောင်းဖို့ဖြစ်တယ်။

. . .

Tom goes to the market to sell bananas.



စျေးထဲကလူတွေဟာ သစ်သီးဝလံတွေကို ဝယ်နေကြတယ်။

...

People at the market are buying fruit.



ဒါပေမယ့် ဘယ်သူမှ တွမ်ရဲ့ငှက်ပျောသီးကို မဝ
ယ်ကြဘူး။ သူတို့ဟာ အမျိုးသမီးတွေရဲ့ သစ်သီးဝလံ
တွေကိုဘဲ ဝယ်လိုကြတယ်။

. . .

But no one is buying Tom’s bananas. They prefer to buy fruit from women.



လူတွေက “ငါတို့လူမှုပတ်ဝန်းကျင်မှာ အမျိုးသမီးတွေဘဲ သစ်သီးဝလံရောင်းကြတယ်။ ဘယ်လိုယောကျ်ားမျိုးလဲမသိဘူး” ဆိုပြီးပြောကြမေးခွန်းထုတ်ကြတယ်။

. . .

“In our community, only women sell fruit,” people say. “What kind of a man is this?” people ask.



ဒါပေမယ့်တွမ်က အရှုံးမပေးပါဘူး။
“ကျွန်တော့်ငှက်ပျောသီးတွေဝယ်ကြပါဦး၊ ချိုမှည့်တဲ့
ကျွန်တော့်ရဲ့ ငှက်ပျောသီးတွေ ဝယ်ကြပါဦး” လို့
ခေါ်ရောင်းပါတယ်။

. . .

But Tom does not give up. He calls, “Buy my bananas! Buy my sweet ripe bananas!”



အမျိုးသမီးတစ်ဦးဟာ ဗန်းပေါ်မှာရှိတဲ့ ငှက်ပျောသီးတစ်ဖီးကိုယူလိုက်ပါတယ်။ သူဟာ ငှက်ပျောသီးကို သေချာကြည့်လိုက်ပါတယ်။

. . .

One woman picks up a bunch of bananas from the tray. She looks at the bananas carefully.



အမျိုးသမီးဟာ ငှက်ပျောသီးတွေကိုဝယ်လိုက်ပါတယ်။

. . .

The woman buys the bananas.



လူတွေ ဆိုင်တန်းဆီကို ဒီထက်ပိုများများရောက်လာ
ပါတယ်။ တွမ်ရဲ့ ငှက်ပျောသီးကို ဝယ်ပြီးစားကြပါတ
ယ်။

. . .

More people come to the stall. They buy Tom’s bananas and eat them.



သိပ်မကြာခင်မှာဘဲ တွမ်ရဲ့ဗန်းဟာ ကုန်သွားပါတယ်။
တွမ်ဟာ သူရတဲ့ပိုက်ဆံတွေကို ရေတွက်ပါတယ်။

. . .


Soon, the tray is empty. Tom counts the money he earned.



ပြီးနောက်တွမ်ဟာ ဆပ်ပြာ သကြားနဲ့ ပေါင်မုန့်တွေကို ဝယ်ယူပါတယ်။ သူကအဲ့ဒီအရာတွေကို ဗန်းထဲ ထည့်လိုက်ပါတယ်။

...

Then Tom buys soap, sugar, and bread. He puts the things in his tray.



တွမ်ဟာ ဗန်းကိုဟန်ချက်ညီညီခေါင်းပေါတင်ပြီးအိမ်ပြန်သွားပါတယ်။

...

Tom balances the tray on his head and goes home.

# Global Storybooks

globalstorybooks.net

## ငှက်ပျောသီးသည်တွမ်

## Tom the banana seller


Humphreys Odunga
Zablon Alex Nguku
Naw Thazin Hpway (my)